
ပြည်သင်္ချိုင်း



ဆန်းကျော်စွာဝင်း

စိတ်ကိုသတ်တဲ့ ကွင်းများ ..

စကားလုံးရုပ်ရှင် ၂၀၁၇ မှတ်တိုင်တစ်ခု
Second Call ၂၀၁၈ မှတ်တိုင်တစ်ခု

အခု "စိတ်သတ်ကွင်း"ကို
တတိယမှတ်တိုင် ဖြစ်လာဖို့ မျှော်လင့်တယ်

စကားလုံး ရုပ်ရှင် ဖတ်ပြီး
Second Call မှာ ဖတ်ရတာ ပေါ့တယ်ဆိုပြီး
ဝေဖန်ပေးတဲ့ မိတ်ဆွေတွေကို ကျေးဇူးတင်ပါတယ်
Second Cally မှာ အားမရသမျှ
"စိတ်သတ်ကွင်း" နဲ့ ဖောက်ခွဲထားတယ်

အစိုးရဟာ ပြည်သူ့စိတ်ကို သတ်ကွင်းထဲပို့တယ်
မိဘအချို့ဟာ သားသမီးစိတ်ကို သတ်ကွင်းထဲပို့တယ်

အချစ်အတွက် သတ်ကွင်းထဲဆင်းရတဲ့ စိတ်
ပတ်ဝန်းကျင်သတ်ကွင်းထဲ မသေရုံတစ်မယ်နေရတဲ့ စိတ် ...

ဝါယာရှော့ခ် ဖြစ်ရင် မီးလောင်သလိုပေါ့
အခုက ကဗျာရှော့ခ်
ကျနော့်စိတ်အရေပြား ရော့ခ်ဖြစ်ပြီး
ပွင့်လာတဲ့ စကားလုံးတွေ
ခင်ဗျားတို့ ပါ လောင်ရင် အတူတူ ကျွမ်းကြမယ်

ဆန်းကျော်စွာဝင်းကို အားပေးမယ်ဆိုတာထက်
"စိတ် သတ်ကွင်း"ကိုအရင်ဖတ်စေချင်တယ်
ဖတ်ပြီးမှ အခြားသူကို ပြန်ပြောဖို့ အထိ
ဆွဲဆောင်နိုင်ရင် ကျနော့်အတွက် တန်ပါပြီ

ဆန်းကျော်စွာဝင်း

* * *

မပြောလည်း ကြားမယ့် အသံ

မတီလည်း မြည်တဲ့ ပုံ

ညဆို ချောင်းတဟွပ်ဟွပ်နဲ့
အမေ့အဆုတ် အသစ်လဲပေးချင်တယ်
အဖေက စိပ်ပုတီးစိပ်ဟန်ဆောင်ပြီး
အမေ့ကို စိတ်မပူယောင်ဆောင်တယ်
ညနက်ကြီး အဖေတည်ပေးတဲ့ ချင်း(ဂျင်း)ပြုတ်ရည်ဟာ
အဖိုးအိုကြီး မေတ္တာဖြစ်မယ်။

ကျေးတောသားရဲ့ အချစ်ဟာ
ဆောင်းညခင်းထဲ ထင်းမီးပုံဘေး
ထန်းပင်မြစ်လေး ဖုတ်ကျွေးတာမျိုး။

ငြိမ်းသွားတဲ့ မီးဖိုဘေး
ခွေးမလေး ဝင်တိုးဖို့
ပြာပူတွေ ယက်ထုတ်ပေးတာ
ခွေးကောင်ရဲ့ ယုယမှု။

ပန်းတွေပွင့်တယ်ဆိုတာ

ဝတ်ဆံဖိုနဲ့ ဝတ်ဆံမရဲ့ ချစ်ခြင်းမဟုတ်လား

မြက်ခင်းအသစ်ရှိရာ ဦးဆောင်ခေါ်သွားတဲ့
နွားထီးတစ်ကောင်ရဲ့ တာဝန်ကျမှုနဲ့
ဖူလုံစေချင်ရဲ့ ။

ရေတံခွန်ဆိုတာလည်း
တောင်တန်းနဲ့ တိမ်တိုက်ပေါင်းဖက်မှ
မွေးဖွားရဲ့ မဟုတ်လား။

ကျီးကန်းဟာ
ဥဩငှက်ပေါက်လေးကို
အစာခွံတဲ့ ယုယမှုမျိုး...
(ဒါမှ မဟုတ်)
ကမာကောင်ဟာ
ပုလဲလေးကို
ထားတဲ့ ထွေးပိုက်မှုမျိုး။

ပင်စည်ကိုနှုတ်သီးနဲ့ ပေါက်

အသိုက်ထွင်းပေးတဲ့ အောက်ချင်းဖိုသတ္တိဆို
အဖိုသေရင် လိုက်သေပေးရဲတာလည်း
အောက်ချင်းမရဲ့ သစ္စာပဲ။

ထန်းခေါက်ဖာထဲ ထမင်းဖြူ၊ ထန်းလျက်ခဲ
အဆာပြေ ရေနွေးထမင်းဟာ ထန်းသမိ မေတ္တာဆို
ခါးကြားမှာ ထန်းလှီးဓား မြမြနဲ့
ပခုံးထက် မြူအိုးထမ်းပိုးဟာ
ထန်းသမားရဲ့ အိမ်ဦးနတ်ဝိသမှု။

မိဖုရားတော့ချိမဟာကို လွမ်းဆွတ်မှုကြောင့်
မိဖုရားကိုယ်စား တော့ချိမဟာဆောက်ပြီး
ညနေတိုင်းငေးတယ်ဆိုတာလည်း
ဘုရင်ချာဂျာဟန်ရဲ့
နှစ်ရာချီတည်မယ့် အလွမ်းပဲ။

အုတ်စီရင်း သီချင်းညည်းတယ်ဆိုတာ
မဆလာသယ်တဲ့ ကောင်မလေးအပေါ်
ပန်းရန်ဆရာရဲ့ လူပျိုလှည့်တေးပါ။

ဟော...တွေ့လား

ဘုရားပွဲစျေးမှာ

မုန့်လင်မယား ကြော်နေတဲ့ အစ်မကြီးဘေး

ယပ်တောင်လေး ခတ်ပေးတဲ့ အစ်ကိုကြီး

မီးဖိုကို မဟုတ်

ဒယ်အိုးကို မဟုတ်

အပူဟပ်ဒဏ်ကြောင့် ညိုနေတဲ့ နဖူးထံ

တဖျပ်ဖျပ် လွင့်ပျံတဲ့ လေပြည်။

မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတာ

ခင်ပွန်းကကုမ္ပဏီထောင်

ဇနီးက စိန်ရွှေရတနာဆိုင်ဖွင့်တာမျိုး မဟုတ်ဘူး

တစ်ယောက်က

ချည်ပေါင်ခင်း ပေါင်းသင်ချိန်

တစ်ယောက်က

ငရုတ်ပင်တွေ ရေလောင်းတာမျိုး...

ဘဝမှာ ငွေအများကြီးမလိုချင်တော့ဘူး

ဘဝမှာ ဂုဏ်အကြီးကြီး မလိုချင်တော့ဘူး
မိုးလုံလေလုံ အိမ်ကလေးနဲ့
စားဝတ်နေရေး ဖူလုံမယ်ဆို
နေပျော်ပြီ...
ဒါထက်ပိုပြီး
(မင်းနဲ့)
မိုးလုံလေလုံ ဖူဖူလုံလုံ မေတ္တာမျှခွင့်ရရင်
သေပျော်ပါပြီ။

ဆန်းကျော်စွာဝင်း

* * *

ပန်းတွေအားလုံး လက်နက်ချလိုက်တော့

ချယ်ရီတွေ ပြေးတော့
လက်ပံ လာနေပြီ
ရဲရဲတောက် ပေါက်ပွင့်တွေ အဖော်ခေါ်ပြီး
လက်ပံ လာနေပြီ...

လက်ပံဆီက ထပ်ဆောင်း သရဖူကိုလုဖို့
တပေါင်း သရဖီ ပွင့်ခဲ့ပေါ့

သရဖီလည်း ပလ္လင်ပေါ် ကြာကြာမခံနိုင်ဘူး
မြေနုံသင်းသင်း ငုဇွေရံသင်းပင်းနဲ့
မြောက်ပြန်လေတပ်စုကို ဦးဆောင်ပြီး
ဘုရင်မကြီး ပိတောက်လာချေပြီ။

ဟော...
ဟိုမှာ ဘုရင်မကြီးပိတောက် ငိုနေတယ်

အကြောင်းရင်းက

ကမ္ဘာ့ကြီးတစ်ခုလုံး
ရေမွေးပုလင်းထဲနစ်ပြီ ထင်တာ
ပါးကွက်ကြားနဲ့ မင်းကို မြင်မိတဲ့ ခဏ

သနားစဖွယ်

ပိတောက်ပွင့်လေး
အသည်းအသန် ရုန်းတယ်
အကြောက်အကန် ငြင်းတယ်...

ပန်းဂုဏ်သိက္ခာအရ
မင်းဆံနွယ်ထက် သူမနေချင်ဘူး
ပန်းသိမ်ငယ်မှု အရ
မင်းနဲ့ အလှချင်းပြိုင်ဝံ့ဘူး...၊
အခုတော့ ...
သနားစဖွယ်
ပန်းဘုရင် ပိတောက်ပွင့်လေး
မင်းခေါင်းထက်မှာ မျက်နှာငယ်။

ဆန်းကျော်စွာဝင်း

* * *